JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

**၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် | မြန်မာ**

# မအောင်မြင်သော အာဏာသိမ်းကြိုးပမ်းမှု သုံးနှစ်ပြည့် နှစ်ပတ်လည်နေ့တွင် တရားမဝင် မြန်မာစစ်အုပ်စုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ပိတ်ဆို့အရေးယူမှုအသစ်များ ချမှတ်ခြင်းကို JFM ကြိုဆို

မြန်မာပြည်သူလူထု၏ မဆုတ်မနစ် ရဲရင့်စွာခုခံတွန်းလှန်မှုကြောင့် ၃နှစ်ကြာပြီဖြစ်သည့် စစ်အုပ်စု၏ အာဏာသိမ်းကြိုးပမ်းမှု ကျရှုံးမှုနှင့်အတူ တရားမဝင်မြန်မာစစ်အုပ်စုနှင့် ၎င်း၏စီးပွားရေး လုပ်ဖော်ကိုင်ဖက်များအပေါ် ယခုနောက်ဆုံး ချမှတ်လိုက်သော ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများအား Justice For Myanmar က ကြိုဆိုလိုက်ပါသည်။

အာဏာသိမ်းကြိုးပမ်းချိန်မှစတင်၍ အကြမ်းဖက်စစ်အုပ်စုသည် ပြည်တွင်းနှင့်နိုင်ငံတကာ ကုမ္ပဏီကွန်ရက်များ၏ ပါဝင်ထောက်ပံ့မှုဖြင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများနှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြစ်ပေးအရေးယူခံရခြင်း တစ်စုံတစ်ရာမရှိဘဲ နေရာအနှံ့ ကျူးလွန်ခဲ့သည်။

ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုအသစ်များသည် စစ်အုပ်စု၏ ရန်ပုံငွေနှင့်လေယာဉ်ဆီ အရင်းအမြစ်များကို ပစ်မှတ်ထားခြင်း ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်း  ဩစတြေးလျ၏ ဒုတိယအကြိမ် အရေးယူမှုအဖြစ် စစ်အုပ်စုက တရားမဝင်ထိမ်းချုပ်ထားသော မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) တို့အား စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ အရေးယူလိုက်ပြီဖြစ်သည်။ ၎င်းဘဏ်များသည် စစ်အုပ်စု၏ အကြမ်းဖက်လှုပ်ရှားမှုကို ပံ့ပိုးပေးနေသည့် စစ်ရာဇဝတ်ဂိုဏ်း၏ စီးပွားရေးကွန်ရက်များအတွင်းတွင် အခရာကျသည့် ဗဟိုချက်များအဖြစ် တည်ရှိနေခြင်းလည်း ဖြစ်သည်။

ဩစတြေးလျသည် လေယာဉ်ဆီ တင်သွင်းခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း တို့တွင် စစ်အုပ်စု၏ အဓိကစီးပွားဖက်ဖြစ်သော Shoon group (ယခင် Asia Sun) ၏ အစိတ်အပိုင်းဖြစ်သည့် ကုမ္ပဏီ ၃ ခု ကိုလည်း ပစ်မှတ်ထားအရေးယူခဲ့သည်။ အရေးယူ ပိတ်ဆို့ခံရသော Shoon အုပ်စုကုမ္ပဏီများမှာ Asia Sun Trading Company Limited၊ Cargo Link Petroleum Company Limited နှင့် Asia Sun Group Company Limited တို့ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက သိန်းဝင်းဇော် ဥက္ကဋ္ဌအဖြစ် တည်ထောင်ထားသော ခရိုနီလုပ်ငန်းစုဖြစ်သည့် ရွှေဗျိုင်းဖြူကုမ္ပဏီများအုပ်စု (Shwe Byain Phyu Group of Companies) ကို ဒဏ်ခတ်ပိတ်ဆို့ အရေးယူလိုက်သည်။ စစ်အုပ်စု၏ အာဏာသိမ်းကြိုးပမ်းမှု စတင်ခဲ့ပြီးနောက် ရွှေဗျိုင်းဖြူသည် တယ်လီနောမြန်မာကို ဝယ်ယူခဲ့ပြီး ATOM Myanmar ဟု အမည်ပြောင်းကာ စစ်အုပ်စုအတွက် လျှို့ဝှက်ထောက်လှမ်း စောင့်ကြည့်ခြင်းစွမ်းရည်ကို မြှင့်တင်ပေးခဲ့သလို မိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များ ရယူခွင့်ကိုလည်း ပေးအပ်ခဲ့သည်။ Justice For Myanmar သည် ရွှေဗျိုင်းဖြူအုပ်စု၏ စီးပွားရေးအကျိုးစီးပွားများအကြောင်းကို ၂၀၂၂ ခုနှစ်အတွင်းက ဖော်ထုတ်ရေးသား ခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေနှင့် သိန်းဝင်းဇော်နှင့်အတူ ဇနီး တင်လတ်မင်း၊ အရွယ်ရောက်ပြီး သားသမီးများဖြစ်သော ဝင်းပိုင်ကျော်နှင့် သိမ့်ဝင်းထက်တို့ကိုလည်း ဒဏ်ခတ်ပိတ်ဆို့ အရေးယူခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ရေကြောင်းဆိုင်ရာလုပ်ငန်းခွဲဖြစ်သော Myanma Five Star Line Company Limited ကိုလည်း အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့အရေးယူခဲ့သည်။

ယူကေနိုင်ငံသည် မြန်မာ့သတ္တုတွင်းကဏ္ဍတွင် အဓိကဇာတ်ကောင်များအဖြစ် ပါဝင်နေသော အကြမ်းဖက် မြန်မာစစ်အုပ်စုက တရားမဝင် ထိမ်းချုပ်ထားပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သည့် အမှတ် ၁ သတ္တုတွင်းလုပ်ငန်း (ME 1) နှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (ME 2) တို့ကို ဒဏ်ခတ်ပိတ်ဆို့ အရေးယူလိုက်သည်။ အဆိုပါ သတ္တုတူးဖော်ရေး လုပ်ငန်းနှစ်ခုသည် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ထုတ်လုပ်မှုခွဲဝေရေး စာချုပ်များမှတဆင့် ရန်ပုံငွေနှင့် အရင်းအမြစ်များကို စစ်အုပ်စုထံ တရားမဝင် လွှဲပြောင်းပေးခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်းကလည်း JFM အနေဖြင့် မြန်မာနိုင်ငံအတွင်း အမှတ် ၁ သတ္တုတွင်းလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ဖြိတိသျှပင်လယ်ရပ်ခြား

နယ်မြေများကို အသုံးပြုထားသည့် တရုတ်ကုမ္ပဏီ Greenway Mining Group အကြောင်းကို ဖော်ထုတ်ခဲ့သည်။

ယူကေနိုင်ငံသည် နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်မှုများတွင် တိုက်ရိုက်တာဝန်ရှိသည့် အမှတ် ၇၇ ခြေမြန် တပ်မဌာနချုပ်နှင့် အမှတ် ၁၀၁ ခြေမြန်တပ်မဌာနချုပ်တို့ကိုလည်း ဒဏ်ခတ်ပိတ်ဆို့ အရေးယူခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ဩစတြေးလျ၊ ယူကေနဲ့ အမေရိကန်တို့ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုအသစ်တွေဟာ စစ်အုပ်စုအတွက် ရန်ပုံငွေနဲ့ လေယာဉ်ဆီ သုံးစွဲခွင့်တွေကို ပိတ်ပင်ဖို့အတွက် အရေးပါပြီး၊ ဒါဟာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ တစိုက်မတ်မတ် ဖိအားများပေးမှုတွေ ရှိလာခဲ့ပြီးနောက်မှာ ထွက်ပေါ်လာခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် စစ်အုပ်စုရဲ့ရန်ပုံငွေ၊ လက်နက်၊ စက်ကိရိယာ၊ နည်းပညာနဲ့ လေယာဉ်ဆီသုံးစွဲခွင့် ဖြတ်တောက်ရေးတွေကို ဒီထက် ပိုမို လုပ်ဆောင်ဖို့ လိုအပ်နေပါသေးတယ်။

ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုတွေက နှေးကွေးလေးလံလွန်းနေပြီး ပူးပေါင်းလုပ်ဆောင်မှု အားနည်းနေသလို၊ လူပုဂ္ဂိုလ်တွေနဲ့ ကုမ္ပဏီတွေရဲ့ကွန်ရက်တစ်ခုလုံးကို လွှမ်းခြုံနိုင်တာမျိုး မရှိတာကြောင့် စစ်အုပ်စုနဲ့ သူတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအတွက် ဒီအစီအမံတွေကို ကျော်ဖြတ်ဖို့ရာ ထွက်ပေါက်တွေ များလွန်းနေပါတယ်။

အထူးသဖြင့် နှေးကွေးနေဆဲဖြစ်တဲ့ ဩစတြေးလျရဲ့ပိတ်ဆို့အရေးယူမှု ခြေလှမ်းတွေက လုံလောက်ခြင်း မရှိသေးဘူးဆိုသာ မြင်သာပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ ဩစတြေးလျနိုင်ငံသားတွေ ဆက်လက် လုပ်ကိုင်နေဆဲဖြစ်တဲ့ သတ္တုတွင်းကဏ္ဍကို တားဆီးဟန့်တားတာအပါအဝင် အဆင့်လိုက် ပိတ်ဆို့ဒဏ်ခတ်မှုတွေကို ပုံမှန်ချမှတ်အရေးယူနိုင်ဖို့ စတင်လုပ်ဆောင်သင့်ပါပြီ။

ယူကေနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ အီးယူ၊ ကနေဒါနဲ့ ဩစတြေးလျတို့အနေနဲ့ စစ်အုပ်စုရဲ့ သဘာဝသယံဇာတဝန်ကြီးဌာနအတွင်းက အဖွဲ့အစည်းတွေနဲ့ အဓိကပုဂ္ဂိုလ်တွေ ပါဝင်နေတဲ့ ကွန်ရက်တစ်ခုလုံးကို ပိတ်ဆို့အရေးယူမှုတွေ တိုးမြှင့်လုပ်ဆောင်သင့်ပါတယ်။ MOGE ကို အပြည့်အဝ ဒဏ်ခတ်ပိတ်ဆို့ထားတဲ့ အီးယူရဲ့အရေးယူမှုမှာ ပူးပေါင်းပါဝင်သင့်သလို မြန်မာနိုင်ငံကို လေယာဉ်လောင်စာဆီ တင်ပို့မှု၊ ရောင်းချမှု၊ ထောက်ပံ့တင်သွင်းမှုတွေကို တားမြစ်ထားတဲ့ ကနေဒါနိုင်ငံရဲ့အရေးယူမှုမှာလည်း ပူးပေါင်းပါဝင်သင့်ပါတယ်။

မြန်မာပြည်သူတွေဟာ အကြမ်းဖက်စစ်အုပ်စုကို သုံးနှစ်တိုင် ရုန်းကန်ခုခံ တွန်းလှန်ခဲ့ကြပြီး စစ်အုပ်စုရဲ့ မြန်မာနိုင်ငံအပေါ် ထိမ်းချုပ်ဖို့ကြိုးစားနေတာကို တားမြစ်နိုင်ခဲ့ပါတယ်။ တော်လှန်တိုက်ခိုက်မှုတွေက ဆက်ရှိနေမှာဖြစ်ပြီး၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုတွေ၊ ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှုပိတ်ပင်မှုတွေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ မြန်မာ့အရေးအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးမှုတွေ လုပ်ဆောင်ခြင်းအားဖြင့် ဝိုင်းဝန်းကူညီ ထောက်ပံ့သင့်ပါတယ်” ဟု ပြောကြားခဲ့ပါသည်။

**“စစ်ရာဇဝတ်ဂိုဏ်း မုချ ကျရှုံးရမည်”**

## ပိုမိုသိရှိရန်

အမေရိကန်၏ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု ထုတ်ပြန်ချက်ကို ယခုနေရာတွင် ကြည့်ပါ။

ဩစတြေးလျ၏ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု ထုတ်ပြန်ချက်ကို ယခုနေရာတွင် ကြည့်ပါ။

ယူကေ၏ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု ထုတ်ပြန်ချက်ကို ယခုနေရာတွင် ကြည့်ပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/